# ပထမကြိမ်ပိုးလမ်းမကြီး (တွမ်းဟွမ်) နိုင်ငံတကာယဉ်ကျေးမှုကုန်စည်ပြပွဲဖွင့်လှစ် တရုတ်သမ္မတရှီကျင့်ဖျင်သဝဏ်လွှာပေးပို့

ပြည့်သူကွန်ရက်မှ သတင်းအရ စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ပထမကြိမ် ပိုးလမ်းမကြီး (တွမ်းဟွမ်) နိုင်ငံတကာယဉ်ကျေးမှု ကုန်စည်ပြပွဲကို တွမ်းဟွမ်မြို့၌ကျင်းပခဲ့ကြောင်း၊ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" လမ်းတစ်လျှောက်ရှိနိုင်ငံ(၈၀)ကျော်မှ မိတ်ဆွေတို့ကတွမ်းဟွမ်မြို့သို့ ထပ်မံစုဝေး၍နည်းလမ်းအမျိုးမျိုးဖြင့် ယဉ်ကျေးမှုဖလှယ်ပွဲကျင်းပခဲ့ကြောင်း၊ တရုတ်နိုင်ငံတော်သမ္မတရှီကျင့်ဖျင်သည် ယင်းကုန်စည်ပြပွဲအတွက် သဝဏ်လွှာပေးပို့၍ ထောပနာပြုခဲ့ပြီး တရုတ်နိုင်ငံတော် ကောင်စီဒုတိယဝန်ကြီးချုပ်လျူရန်ဒုံးသည် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်၍ သမ္မတရှီကျင့်ဖျင်ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားကာမိန့်ခွန်းလည်းပြောကြားခဲ့ကြောင်းသိရှိရသည်။

ရှီကျင့်ဖျင်၏ သဝဏ်လွှာတွင်ပြီးခဲ့သည့် နှစ်ပေါင်း(၂၀၀၀)ကျော်ကအာရှနှင့် ဥရောပတို့ကို ချိတ်ဆက်ဖြတ်သန်းခဲ့သော ရှေးခေတ်ပိုးလမ်းမကြီးသည် အရှေ့တိုင်းနှင့် အနောက်တိုင်းအကြား ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံရန်၊ ယဉ်ကျေးစွာဖလှယ်ရန် အရေးပါသော ပေါင်းကူးတံတားကြီးတစ်စင်းကို ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ တွမ်းဟွမ်မြို့သည် ရှေးခေတ်တုန်းက အရှေ့တိုင်းနှင့် အနောက်တိုင်း ယဉ်ကျေးမှုများစုဝေး၍ အရေးပါလှသည့်အချက်အချာကျနေရာဖြစ်ပြီးမတူခြားနားသော ယဉ်ကျေးမှုများသည် ယင်းနေရာ၌ စုစည်းရောစပ်ကာ တမူထူးခြားသောညို့ဓာတ်များနှင့် ပြည့်စုံသော တွမ်းဟွမ်ယဉ်ကျေးမှု အဖြစ်ဖြစ်တည်လာခဲ့ကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်ပါက ကမ္ဘာ့တိုင်းရင်းသားအသီးသီးတို့၏ ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ခြင်း၊ အပြန်အလှန်တိုးတက်ခြင်းသည် လူသားယဉ်ကျေးမှု၏ အခြေခံလက္ခဏာလည်းဖြစ်၊ လူသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသော မောင်းနှင်အားလည်းဖြစ်သည်ကို သက်သေပြခဲ့ကြောင်း၊ ယခုအကြိမ်ယဉ်ကျေးမှု ကုန်စည်ပြပွဲသည် "ယဉ်ကျေးမှုဖလှယ်မှုကို တွန်းအားပေး၍ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းလမ်းအတူရှာကြံစို့"ကို ဆောင်ပုဒ်အဖြစ်ထားခြင်းသည် ပိုးလမ်းမကြီးတစ်လျှောက်ရှိနိုင်ငံအသီးသီးတို့၏ ပူးပေါင်းဖလှယ်ရေးအတွက် အရေးပါလှသော စင်မြင့်တစ်ခု ထောက်ပံ့ပေးနိုင်ကြောင်း၊ ပုံစံမျိုးစုံဖြင့် အတူယှဉ်တွဲနေထိုင်ရန်၊ အပြန် အလှန်ဖလှယ်ရန်နှင့် အပြန်အလှန်တိုးတက်ရန်၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ကို စွဲမြဲစွာကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာဖလှယ်မှုကို တိုးမြှင့်ဆောင်ရွက်ပြီး ယဉ်ကျေးမှုအရ တန်းတူရည်တူရှိစေရန် တိုက်တွန်းထားကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း၍ ယဉ်ကျေးမှုဆိုင်ရာ ဆန်းသစ်တီထွင်ရေးလုပ်ငန်းများကိုတွန်းအားပေးပြီး ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်ကာလူသားတို့မှ အများအပြားတီထွင်ဖန်တီးလိုက်သော ယဉ်ကျေးမှုများဖြင့် ပိုမိုများပြားသော ပြည်သူလူထုများအားအကျိုးခံစားစေပြီး ကမ္ဘာကြီးကိုပိုမိုတောက်ပကောင်းမွန်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။




လက်ရှိတွင် တွမ်းဟွမ်ယဉ်ကျေးမှုကုန်စည်ပြပွဲသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"တည် ဆောက်ရာတွင် ယဉ်ကျေးမှုပူးပေါင်း ဖလှယ်ရန်ဆောင်ပုဒ်ဖြင့် ကျင်းပထားသည့် တစ်ခုတည်းသောနိုင်ငံအဆင့်စင်မြင့်နှင့် နိုင်ငံတကာပွဲတော်ဖြစ်သည်။ နိုင်ငံ(၈၅)နိုင်ငံ၊ နိုင်ငံတကာအဖွဲ့အစည်း (၅)ဖွဲ့မှ နိုင်ငံခြားကိုယ်စားလှယ်အဖွဲ့ (၉၅)ဖွဲ့တို့သည်ဖိတ်ကြားချက်အရ ပထမအကြိမ် တွမ်းဟွမ်ယဉ်ကျေးမှု ကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်ပြီး နိုင်ငံခြားအဖွဲ့အစည်း(၆၆)ဖွဲ့၊ နိုင်ငံခြားဧည့်သည် (၄၃၄)ဦးတို့မှ ဖိုရမ်၊ နှစ်ပတ်လည်ပြပွဲနှင့် တင်ဆက်ပွဲတို့သို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ နိုင်ငံခြားအကြီးအကဲနှင့် အကြီးအကဲဟောင်း(၆)ဦးတို့သည် အစည်းအဝေးသို့ ပါဝင်တက်ရောက်၍ ဟောပြောခဲ့ကြသည်။

မိတ်ဆက်ခြင်းအရ "ယဉ်ကျေးမှုဖလှယ်မှုကို တွန်းအားပေး၍ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းလမ်းအတူရှာကြံစို့"ကို ဆောင်ပုဒ်အဖြစ်ထားသော တွမ်းဟွမ်ယဉ်ကျေးမှုကုန်စည်ပြပွဲ၏ ရည်ရွယ်ချက်မှာ ဖိုရမ်၊ ပြပွဲ၊ တင်ဆက်ပွဲ၊ လှုပ်ရှားမှုစီးရီးစသည့် နည်းလမ်းများဖြင့် ယဉ်ကျေးမှုရလဒ်များ မျှဝေခံစားရန်စင်မြင့်သစ်ကို တည်ထောင်ခြင်း၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရန် စနစ်သစ်ကို ပြီးပြည့်စုံအောင်ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးခြင်း၊ လမ်းတစ်လျှောက်ရှိနိုင်ငံများမှ ပြည်သူများအကြား စိတ်ချင်းဆက်၍ ကံကြမ္မာတူအသိုက်အဝန်း တည်ထောင်ခြင်းတို့ဖြစ်ကြောင်း၊ နိုင်ငံ(၆၀)ကျော်မှ ပြသခဲ့သည့် အဖိုးတန် ကုန်ပစ္စည်း (၈၀၀၀)ကျော်တို့ဖြင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"၏ ယဉ်ကျေးမှုရလဒ်များကိုစုဝေး၍ ပြသထားခြင်းဖြစ်ကြောင်း၊ များပြားလှသည့် ယဉ်ကျေးမှုအမွေအနှစ်နှင့် လက်ရာမြောက် အနုပညာပစ္စည်းတို့သည် ကမ္ဘာတွင်ပင် နာမည်ကျော်ကြား၍ကိုယ်စားပြုလောက်သော ပစ္စည်းလည်းဖြစ်၊ အရေးပါသော နိုင်ငံတကာဩဇာလွှမ်းမိုးမှုနှင့် လည်းပြည့်စုံနေပါကြောင်း သိရသည်။

ကုန်စည်ပြပွဲတွင် ပြပွဲသို့ပါဝင်တက်ရောက်ခဲ့ကြသည့် ပိုးလမ်းမကြီး တစ်လျှောက်ရှိ နိုင်ငံများမှ တညီတညွတ်တည်း အတည်ပြုထားသော《တွမ်းဟွမ်ကြေညာစာတမ်း》ထုတ်ပြန်ခဲ့ပြီးယဉ်ကျေးမှုအရပိုမိုတိုးမြှင့်ပူးပေါင်း ဖလှယ်ရန်ကိစ္စရပ်နှင့်စပ်လျဉ်း၍ သဘောတူညီချက်များ ရရှိနိုင်ခဲ့သည်။ ယင်းမှာ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်းအတွက် ယဉ်ကျေးမှုဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု စနစ်သစ်တည်ထောင်ထားခြင်း၏ အမှတ်လက္ခဏာဖြစ်ပြီး အနာဂတ်တွင် ပိုးလမ်းမကြီးယဉ်ကျေးမှု လုပ်ငန်းကိုအတူတကွ တွန်းအားပေးတည်ဆောက်ရန် အခြေခံအုတ်မြစ်ချမှတ်ပေးနိုင်ခဲ့သည်။

## တရုတ်-အာဆီယံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ တက်ကြွသည့်အခန်းထဲပါဝင်နိုင်ရန်စောင့်မျှော်

စင်စစ်သော် မြန်မာ-အာဆီယံ ဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက်တို့မှ အပြန် အလှန်မှီခိုလျက်ရှိသော ဆက်ဆံရေးဖြစ်သည်။ တစ်ဖက်တွင် အာဆီယံကိုယ်တိုင်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနှင့်ခွဲ၍မရပေ။ မြန်မာနိုင်ငံသည် အင်ဒိုချိုင်းနားကျွန်းဆွယ်ပေါ်မှ ကုန်းပိုင်းဧရိယာ အကျယ်ဝန်းဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။အရှေ့တောင်အာရှ၊ တောင်အာရှနှင့် အရှေ့အာရှတို့နှင့် ဆက်စပ်ထားသည့်သော့ချက်ပါနေရာတွင် တည်ရှိနေသည်။ ပထဝီတည်နေရာ အားသာချက်မှာ အထူးသိသာထင်ရှားပြီး အာဆီယံ၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ မြန်မာနိုင်ငံမပါလျှင် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုသည် ပြည့်စုံနိုင်မှာမဟုတ်ပါ။ ဒေသတွင်းရှိ ပြဿနာများကို ဖြေလည်နိုင်မှာမဟုတ်ပါ။



ဒေသတွင်း၏ ပူးပေါင်းဆောင်ရွက်မှုအတွက်လည်းအောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်မှာမဟုတ်ပါ။

တရုတ်နိုင်ငံအနေနှင့် အာဆီယံ အသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းကိုအစဉ်ထောက်ခံ အားပေးလျက်ရှိသည်။ အာဆီယံ၏ ထွန်းသစ်စဒေသမှ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးဖွဲ့စည်းမှု၌ ဗဟိုချက်မပြုသည့် အဆင့်နေရာဖြင့် ရပ်တည်နေသည်ကို ထောက်ခံအားပေးလျက်ရှိသည်။ တရုတ်နိုင်ငံမှ အာဆီယံအပေါ် ထောက်ခံအားပေးသည်မှာ နှုတ်ဖြင့်ပြောရုံသာမကဘဲ လက်တွေ့ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများအနက် တရုတ်နိုင်ငံမှ ၂၀၁၀ ပြည့်နှစ်ကတည်းက အာဆီယံနှင့် လွတ်လပ်စွာကုန်သွယ်ဇုန်ကို ပထမဦးစွာတည်ထောင်ခဲ့ပြီး ၂၀၀၃ ခုနှစ်က《အာဆီယံ ချစ်ကြည် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်》ထဲသို့ ပါဝင်နိုင်ခဲ့သည်။ ထို့အတူ တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံမှအာဆီယံကို အားကိုး၍ မိမိ၏အရှိန်အဝါကို ဖော်ထုတ်ပြီး ကမ္ဘာ့ဇာတ်စင်သို့ ပြန်လည်တက်လှမ်းရန် ကြိုးပမ်းသမျှများကိုလည်း တက်ကြွစွာထောက်ခံအားပေးခဲ့သည်။

ယနေ့အချိန်အခါသစ်ကျသော် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုမှုဘောင်အောက်တွင် မြန်မာနိုင်ငံအနေနှင့် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးအတွက်ပိုမိုအရေးပါသော အခန်းထဲပါဝင်နိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ထားသည်။ မြန်မာနိုင်ငံ၏ အဓိကကျသော ကုန်သွယ်ဖက်နိုင်ငံအဖြစ် လွန်ခဲ့သည့်နှစ်များအတွင်း တရုတ်နိုင်ငံသည် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်တကွ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီးဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကိုအတူတကွ တွန်းအားပေးကာ တိုးတက်မှုသစ်များကို အဆက်မပြတ်ရရှိနိုင်ခဲ့သည်။ အလားတူ မြန်မာနိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့သက်သာချောင်ချိရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်လာသည်နှင့်အမျှ ဒေသတွင်းရှိနိုင်ငံအသီးသီးတို့အား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူသော ဆောင်ပုဒ်ကိုဆတက်ထမ်းပိုးတိုး အာရုံစိုက်လာစေပြီး ပြင်ပမှ မလိုလားသော နှောက်ယှက်မှုနှင့် ထိခိုက်မှုများကို ဖယ်ရှားပေးကာ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကို အဆင့်သစ်သို့ မြှင့်တင်စေနိုင်သည်။ ယင်းသည် တရုတ်-အာဆီယံ ဆက်ဆံရေးတိုးတက်ရန်အတွက်အပေါင်းစွမ်းအားနှင့် မောင်းနှင်အားသစ်များ ဧကန်မုချ ဆောင်ကြဉ်းပေးနိုင်မှာဖြစ်သည်။

**စာရေးသူ – လေကျူးနင် (စာရေးသူသည် ယူနန်ပြည်နယ်လူမှုရေးအကယ်ဒမီ မြန်မာရေးရာဌာနမှ ဒုတိယဌာနမှူး၊ ဒုတိယသုတေသီဖြစ်သည်)**

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn